# တီးတိန် နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်

TEDIM BAPTIST CONVENTION

Regd. TBC 1654; MBC 34/1950-1951

e-mail : tedimbaptistconvention@gmail.com

M/85.P.O. Tedim
(N) Chin State 03041
Ph. 070-50039, 50418,50124, 50123


၂၀၂၁ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်

## ထပ်တူဝမ်းနည်းကြောင်း ဖော်ပြခြင်း

၁။ ကျွန်တော်တို့ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (Tedim Baptist Convention) ၏ မိခင်အဖွဲ့ချုပ် (Mother Convention) ဖြစ်သော ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (Chin Baptist Convention) ၏ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် ထုတ်ပြန်သော " သဘောထား ထုတ်ပြန်ခြင်း" ကို တွေ့ရသောအခါ ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အတွင်း ကြုံတွေ့နေရသော အဖြစ်အပျက်များကြောင့် လွန်စွာမှပင်ခံစားဝမ်းနည်းမိပါသည်။

၂။ ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အတွင်းရှိ ထန်တလန်မြို့ပေါ်မှ Thanlang Centenary Baptist Church (TCBC) ၏လူငယ်သင်းအုပ်ဆရာ တစ်ပါးဖြစ်သော Pastor Cung Biak Hum သည် မြို့ရွာကယ်တင်လိုစိတ်ကြောင့် အသက်ဆုံးရှုံးရခြင်းအပေါ် သက်ဆိုင်ရာမိသားစု၊ အသင်းတော်၊ မြို့သူမြို့သား၊ အဖွဲ့ချုပ်နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ ယခုလက်ရှိအခြေအနေတွင် ဖမ်းဆီးခံနေရသူများ ဘေးကင်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်လွတ်မြောက်လာစေရန် နှင့် ထိတ်လန့်တုန်လှုပ်မှုဖြင့် စစ်ဘေးရှောင်နေရသော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများအားလုံးသည် အဖဘုရားသခင်၏ လုံခြုံစွာ ကွယ်ကာစောင့် ရှောက်မှုရရှိပြီး မကြာမီသောအချိန်အတွင်း ငြိမ်သက်အေးချမ်းမှုများ ပြန်လည်ရရှိပါစေကြောင်း တီး တိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အတွင်းရှိ ယုံကြည်သူများမှ ဆက်လက်ဆုတောင်းပေးနေပါသည်။

*ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူလျှင်*
***အဘယ်သူသည်ငါတို့တဘက်၌ နေနိုင်မည်နည်း။*** (ရောမ ၈း၃၁)

(တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်)